# ဓါတ်တော်ကြီး ဆယ်ဘွဲ့

## ဒုတိယတွဲ



ပန်းချီ-ဦးဘကြည်

# မဟောသဓ ၁

## ဓါတ်ဖော်ကြီး


ပန်းချီ - ဦးဘကြည်





တနေ့သော အခါတွင် အသောက်တော်မင်းလုလင်က ဘုရင်ကြီးထံသို့ သတင်းဆန်းတခု သံတော်ဦး လာတင်လေသည်။
..........ယမန်နေ့က - အရှေ့ရေနန်းရွာကြီးတွင် နွားရှင်တယောက် နွားကျောင်းနေစဉ်-ဒိုက် မျှ ညှိုးနေဒိုက်-နွားကို လူတယောက်လာ ခိုးသွားပါသည်ဘုရား......
....လှုပ်ရှားသံများကြောင့်-ချက်ချင်းဆိုသလို နွားရှင်လန့်နိုးလာပြီး .......
ဟေ့လူ - နေအုံး - ကျုပ်နွားကို ဘာလို့ လာဆွဲသွားရတာလဲ
ကျုပ်နွား ကျုပ်ဆွဲ တာခင်ဗျား အလုပ်လား။ အမယ် - လူကို စွပ်စွပ်စွဲစွဲ တကတယ်မှဘဲ
အမယ် - ဒါမျိုး ဘာရမလဲ။ ဒါကျုပ်နွား၊ ထားခဲ့
သတ္တိရှိရင် လိုက်ခဲ့ --- ဓါးပွင့်သွားမယ်
.... ဤသို့ အခြေအတင် ပြောနေကြစဉ် -- ထိုရွာကြီး၌ ရေကန် တန်ဆောင်း-ပြာသာဒ်များကို ဆောက်တတ်သူ ဟု နံမည်ကြီးနေသော သူငယ် နှင့် အပေါင်းပါတို့သည်-ကစားရင်း ထိုအနားရောက်လာကြပါသည်ဘုရား။
ဟဲ့ သူခိုး ဟဲ့ သူခိုး
နိုင်သာ လူလိမ်။ ဖမ်းကြသား
ဘကြီးတို့ - ဦးလေးတို့ ဘာဖြစ်ကြလို့လဲ၊ ကျွန်တော်တို့ ကူညီပါရစေ
ဟင် - မောင်လေး တို့ပါလား၊ ဘကြီး နွား ခိုးသွားလို့ ကွာ - လုပ်ကြပါအုံး။
အမယ် - သူက ကလိန်စိဉာဏ်နဲ့ ငါ့နွားကို အစေကြီး အပိုင်စီး ချင်လို့ - သက်သက် အကွက်ဆင်တာ ပါကွာ


------ မဟော်လေးက - စကားပြောဆိုပုံ ကိုကြည့်၍ နွားသူခိုးကို ရိပ်စားမိပြီ ဖြစ်သောကြောင့် - ဤသို့မေးပါသည်ဘုရား
ဟာ - ဟုတ်လား။ ဦးလေးက - နွားပိုင်ရှင်အဲကိုး။ နေ့တိုင်း ကိုယ့်နွားကို - ဘာတွေကျွေး ကျွေးနေလို့ - ဒီလောက် - ဝ - ဖြိုးနေပါလိမ့်မလဲ
ဟာ -- ဟို -- ဟို ----- ယာဂုနဲ့နွမ်း ဖတ် အမြဲကျွေး တာကိုးကွ ---- - ဟဲဟဲ
---- ထိုအခါ မဟော်လေးက တဖက်သို့ လှည့်၍ မေးပြန်ပါသည်ဘုရား -----
ဘကြီး နွားကို နေ့တိုင်း - ဘာကျွေး တယ်လို့ ဆိုချင် ပါသလဲ
လူကလေး ရယ် --- ဆင်းရဲသားဆိုတော့ ကိုယ်တတ်နိုင်တဲ့ ပဲဖျော်လေးဘဲကျွေး ကျွေးနေပါတယ်ကွယ်
---တဖန် မဟော်လေးသည် သူ့သူငယ်ချင်းများနှင့် စီစဉ်မှုများပြုလုပ်ပါသည်ဘုရား
မင်းတို့က - ဟိုချစ်သျှားပင်က - အရွက်တွေ ခူးပြီး များများ ထောင်းထားကြ။
မင်းတို့က - ရေခပ်ထား။ ဝါးကျည်တောက် သုံးလေးခု - လုပ်ထား။
မင်းတို့က - ရွာထဲက - လူကြီး လေးငါးယောက် သွားပင့်ခဲ့။ သက်သေ ထားလိုလို့ ပါဆိုပြီး ပြောပြပေါ့ ...
မင်းတို့က - ဒီလူကြီးနှစ်ယောက် ထွက်မပြေးနိုင်အောင် စောင့်ရှော သူတို့ အချင်းချင်း ထပ်ပြီးရန် မဖြစ်နိုင်အောင် ခပ်ခွါခွါ ထားနော်
---- နွားကို ချစ်သျှားရွက်ထောင်းနှင့်ရေ ရောဖျော်ပြီး တိုက်ကျွေးရာ -- များမကြာမီ - နွားသည် ဝမ်းသွားပါတော့သည်ဘုရား


…..ထိုအချိန်တွင် ရောက်ရှိနေကြပြီဖြစ်သော သက်သေခံ လူကြီး များ အား - နွားချေးကို စစ်ဆေး ပေးရန် - မပေါ်လေးက တောင်းပန်ပါတော့သည်ဘုရား…..
ဟာ ပဲမှော်ဖတ် တွေနဲ့ ပါလား
ယါဂုဖတ် - နှမ်းဖတ် များကော - တွေ့ ပါသေးလား ခင်ဗျာ
အဲဒါတွေတော့ - တခုမှ မတွေ့ဘူး ငါ့တူ။ ပဲမှော်ဖတ်တွေ ချည်းဘဲ တွေ့တယ်
….မပေါ်သည် - နွားသူခိုးဘက်လှည့်၍ ခပ်ပြတ်ပြတ် မေးပါတော့သည်ဘုရား
ဦးလေးကြီး - နွားခိုးတယ်ဟုတ်လား မြန်မြန်ပြော
ဟုတ် - ဟုတ်ပါတယ် ကျုပ်ခိုးကြာ ကျုပ်ခိုး ပါတယ်။ နွားရှင် နဲ့ မောင်ရင်တို့ကို ဝန်ချတောင်းပန် ပါတယ်။ နောက် နောင်ကို - ဘယ် တော့မှ - မခိုး တော့ပါဘူးလို့ ကတိပြုပါရစေ
ငါ့တူ စီရင်ပုံလေး ကတော့ - တယ် ယဉ်ပါကလား…
ရှက်ဖွယ်
ရှက်ဖွယ်
သူခိုးကြီး
ရှက်ဖွယ်
အလို….တယ် စိတ်ဝင်စားစရာကောင်း ပါလား…. ဒီ မပေါ် ဆိုတဲ့သူငယ်လေးရဲ့ မိဘ မျိုးရိုး နှင့်အစ သူ့ကိုယ်ရေးရာဇဝင် ကို ငါကိုယ်တော်မြတ်အား သုံး ရက်အတွင်း အစီရင်ခံစေ…. မောင်မင်း
ညီလာခံ တွင် မင်းကြီးက ထို မပေါ် ဆိုသူ ကလေး၏ အကြောင်းကို ပြောပြကာ
….အဲဒီသူငယ်ဟာ - ငါကိုယ်တော်ရဲ့ အိပ်မက်တော်အရ - ထွန်းတောက်လာ မည့် - မဟာပညာရှိ ကြီး များ - ဖြစ်နေ ရော့သလား - မင်း ကြီးများ
ဤမျှလောက်သော ကိစ္စကိုဖြေရှင်းနိုင် ရုံလောက်နှင့် ပညာရှိ ဟု မခေါ်ထိုက် သေးပါဘုရား
ဆက်ရန်

# မဟောသဓ ၂

ဇာတ်တော်ကြီး


ပန်းချီ - ဦးဘကြည်





ပြေးလိုက်သွားပြီးနောက် ဆင်းရဲသူမ နှင့် မိန်းမယုတ်တို့ စကားများကြလေသည်။
ဟဲ့ - ညည်း ငါ့လည်ဆွဲ ဘာလို့ ခိုးသွား ရတာလဲ
အမယ် - ဒါ ကျမ လည်ဆွဲပါ
ထို့နောက် အနီး၌ရှိ လူများက ဖျောင်းဖျ ပြောကြ၍ မပေါ်လေးထံ ခေါ်သွားကြ၏။
အော် - အမတို့ လည်ဆွဲက လှလဲလှ လ တာကိုး
ကျနော် ခဏလောက် ကိုင်ကြည့် ပါရစေလား
အမတို့ လည်ဆွဲက- မွှေးလဲ မွှေးပါလား၊ ဘာတွေများ လိမ်းထား လဲ - ဟင်
မမလေးက နံ့သာပေါင်း အမြဲ လူးပေးတာဘဲ...
မမကြီးက - နေ့တိုင်း - ရှစ်ရှားပွင့် သုတ်လိမ်းပါတယ်...
ထို့ကြောင့် လည်ဆွဲကို ရေဖလားတွင်ရေစိမ်၍ ခဏကြာမှ လူကြီးများအား ပြသရာ -
သက်သေ လူကြီး မင်းများ နမ်းကြည့်ကြပါ.....
ရှစ်ရှားပွင့် အနံ့ဘဲ.. နံ့သာနံ့ မဟုတ်ပါဘူး
ဤသို့ မပေါ်လေးက ဆုံးဖြတ်နိုင်ခဲ့၏။
ထိုအတူ တချိန်ကလည်း မိန်းမနှစ်ယောက် ခြည်လုံး ပြဿနာ ပေါ်ပြန်ရာ -
အဒေါ်က - ဝါခင်း စောင့်ရင်း လုံးခဲ့တဲ့
ဒီခြည်လုံးကို သူက ခိုးသွားပြီး သူ့ခြည်လုံး လို့ ငြင်းနေတယ် ရှင်
အမယ်... ဒီမိန်းမ က - လိမ် တာပါ့
မပေါ်လေးထံ ရောက်သွားကြ၍ ခြည်လုံး အတွင်းတွင် ခံရစ်ထားသော အဆံ ကို မေးကာ ဖြည်ကြည့်ပြီး -
အဆုံးအဖြတ် ပေးခဲ့သော ဟူ၏။



တခါကလည်း ခုနစ်နှစ်တိုင်တိုင် အလုပ်လုပ်ပြီး မိန်းမရ၍ မိဘရပ်ထံပြန်လာကြစဉ်
ကိုပုကွရယ်. ကျမတော့ ဒီချောင်းကို မကူးရဲဘူး ရှင်
မအိမ်ထန်းရယ် -ကျုပ်လဲ..ရေကြောက်တာဘဲ။ ခရီးသွား ပေါ်ချင်းတွေ ရှင်-တိုင်ပင်ကြသေးတာပေါ့ .....
ထိုအခိုက် ကိုကျော်ရှည်ဆိုသူရောက်လာ၏
ဟုတ်ပါတယ်
ဒီချောင်း ရေ-တော်တော်နက်လားဗျ
အော် - ရေကြောက်ကြတာကိုး ......
ဟုတ်ကဲ့ - ဟဲဟဲ
ရေကတော့ အတော်နက်တယ်။ ရေစီးလဲ သန်တယ်။ မိကျောင်းလဲ ပေါတယ်။
ကျုပ်ကတော့ သွားနေကျမို့
မိကျောင်းလဲ ယဉ်နေပါပြီ.......
ဒီလိုဆိုရင် - အားကိုးပါရစေလားဗျာ......... ကျွန်တော်တို့ကို ဖြတ်ကူးပို့ပေးပါလား.. တောင်းသလောက် ပေးပါ့မယ်။ ပထမ ကျွန်တော့ မိန်းမကို ပို့ပေးပါ။ နောက် တခေါက်မှ ကျွန်တော့်ကို ပြန်ခေါ်ပေါ့........-နော်.
ကျုပ်က- ကြေးစား အလုပ်သမားတော့ မဟုတ်ဖူး။ ခင်ဗျားတို့ကို သနားလို့ နှမ်းကျူးတို့ အနေနဲ့ ကူညီမယ်လေ......
ကဲ - ကိုပုကွရေ သွားမယ်
ရေနက်သည်ဟု ထင်စေရန် ဥက္ကာနီ ဥက္ကာနက်သုံး၍ခေါ်သွားပြီး ရေလည်ရောက်လျှင် ချစ်စကား ကြိုက်စကား ပြောလေတော့သည်။
အေးပါ
အမယ်လေး ကြောက်တယ် ရှင့်
ရေစိုပြီတော့
ဘုရား-ဘုရား
ငါဟာ မင်းအသက် သခင်ဘဲ


တဖက်ကမ်းသို့ ရောက်သွားသော်လည်း ကျောပိုး လျက် ဆက်လက် ပြေး သွားရာ
ကျုပ် မိန်းမ ကို ခိုးပြေး ပါပြီဗျို့- ခိုးပြေးပါပြီဗျို့။
သို့သော် ထိုသူကား ပြေးမြဲ ပြေးနေသဖြင့်
ဆတ်ဆတ်ခါ မခံ မရပ်နိုင် ဖြစ်ပြီး
မဖြစ်ဘူး ...... မိန်းမလိုက်လို့မှ ဖြစ်မယ်--- ကဲကွာ- သေချင်သေပစေ ----
ဟုဆို၍ ရေထဲသို့ ခုန်ဆင်းလိုက်ရာ
ဦးခေါင်းဖြင့် မြေကြီးကို ဆောင့်မိမှ ရေတိမ်ကြောင်း ရိပ်မိလေတော့သည်။
နောက်ဆုံး၌ အခြားသူများ ခေါ်သွား၍ မပော်လေးထံ ရောက်ကြလေသည်။
ဒါ- ကျုပ်မယား အစစ်..... ဒါ ကြောင့် ဒီလိုကျောပိုး ပြီးရေထဲ ကူး လာတာပေါ့ ကွာ
သူ့မယား ဆိုရင် ကျုပ်ကို အထိ ခံပါ့မလား ကွာ
ခင်ဗျား ဒီလိုတော့ - မညာ ပါနဲ့ ----
မပော်လေးသည် နှစ်ဦး နှစ်ဖက် စစ်ဆေးပြီးနောက် ကိုကျော့ရှည် အား
ကျုပ်နော် မေးပါရစေ။ ဦးရဲ့ မိန်းမ အမည်၊ မိဘ အမည်၊ ဇာတိ -မျိုးရိုး-လုပ်ငန်း လေး တွေ ပြောပြပါအုံး
အင်...... ဟင်...... အဲ.... အဲ.... ဟို...ဟို...
မေးပြီး ဆုံးဖြတ်ချက် ချနိုင်ခဲ့လေသည်။
ထို လည်ဆွဲ၊ ခြည်လုံး၊ မယား ခိုးပြဿနာများကို မပော်လေး ဖြေရှင်းပုံနှင့် မပော်လေးမှာ အချောကုန်းရွာမှ သူဌေးသား မဟောသဓ ဖြစ်ကြောင်းကို မင်းချင်းတို့က လျှောက်ထား၍ သိသော်
---- ကဲ -ဒီတော့- ဒီ မဟောသဓ ကလေးဟာ --
ပညာရှိ လောင်းပင် မဟုတ်တန်သလော----
ဆက်ရန်


မဟောသဓာ ၂
ဇာတ်တော်ကြီး
ပန်းချီ-ဦးဘကြည်
တနေ့သော် ဘုရင်ကြီးသည် စဉ်းစားမိ၏။
ဒီ မဟော်သဓာဆိုတဲ့ သူငယ် အကြောင်း ကြားနေရတာ ကျေနပ် စရာဘဲ။ ဒါပေမယ့် သေချာအောင် - ငါကိုယ်တိုင် ဉာဏ်စမ်း အုံးမှ တော်ချေမည်....
လက်သမား ဆရာကြီးကို ခေါ်၍ အမိန့်တော် တရပ်ကို တိုးတိုး ချမှတ်တော်မူလေသည်။
တထွာ ခန့်ရှိ ရှားသား အနှစ်ကို တုတ်လုံး တိုတို ချောချော ဖြစ်အောင် ပွတ်ခဲ့ ပြီးလျှင် မြန်မြန် ဆက်လော့
နောက်တနေ့ အရှေ့ကုန်း ရွာတွင်...
ဘုရင့် အမိန့်တော်ပါသည်။ နားခံကြလော့။ ......... ယခုပို့တော်မူလိုက်သော တုတ်တိုကို - အရင်းအဖျား ဟူ ခွဲခြား မှတ်သား၍ပြန်ပို့ရမည်။ မဖြေနိုင်က ဒဏ်ဆောင်ရမည်... ဘုရင့် အမိန့်တော်...
ရွာသားတို့သည် မဟော်လေးအား မြောမြ လေလျှင် မဟော်လေးက တုတ်အလယ် တည့်တည့်တွင် ကြိုးချည်၍ ရေခွက်ပေါ် ဝယ် အသာ ချပြီး ......
ဒီဘက်က အရင်း ဟု မှတ်သား၍ ပြန်ပို့ကြလော့။
ဉာဏ်စမ်းပြဿနာကို ဖြေရှင်းပေး၏။
အမယ်...... တယ်တော်တဲ့ သူငယ်ဘဲ..... အိမ်း - ကောင်းပြီ ခက်ခဲသန်း ဆန်း တခုလောက်တော့ ဉာဏ်စမ်း မေးအုံးမှတော်မည်။
ဘုရင်ကြီးသည် လွန်စွာ အားရတော်မူ၏။
ဦးခေါင်းတွင် - ဘို့ရှိသော
သာရမည်။


အရှေ့ကုန်းရွာသို့ ထိုပြဿနာ ရောက်လာသော် မပေါ်လေး၏ အကြံပေးချက် အရ ကြက်ဖတကောင်ကို မင်းကြီးအား ဆက်၏။
ဒီလို ဆက်သနိုင်တာ - ဘယ်သူ့ ဉာဏ်လဲ - တင်စမ်း
မပေါ်သစေ ဉာဏ်ဖြစ် ကြောင်းပါ ဘုရား
အင်း... တကယ်တော်တဲ့ သူငယ်ပေဘဲ...
နောက်တဖန် မပေါ်လေးကို ဉာဏ်စမ်းရန် အကြံတခု ပေါ်ပြန်လေသည်။
ကျွန်းစင် ပတ္တမြားကြီး - အကောက်ရှစ်ခုရှိသော အပေါက်ပါ၏။ ကြိုးဟောင်း ဆွေးမြည့်နေ၍ - မည်သူမျှ ကြိုးသစ် မတတ်နိုင်တာ - ကြာချေပြီ။ ကြိုးသစ် တတ်ပေးရန် အရှေ့ကုန်းရွာသို့ ပို့ရလျှင်ကောင်းမည် --- -----
နောက်တနေ့တွင် အရှေ့ကုန်းရွာ၌ မပေါ်လေး အလုပ်ရှုပ်နေတော့၏။
ပထမ - အပေါက်နှစ်ခုထဲ ပျားရည်စက်ချမှ - ကြိုးဟောင်း - ပျားရည်ဝမည်။
ဒုတိယ - ကြိုးသစ် ထိပ်များကို - ပျားရည်ဆွတ်၍ အပေါက်ရှိသဘောက်သွင်း ထားရမည်။
ထို့နောက် ကြိုးသစ် မသွင်းသော ဘက်ကို ပုရွက်ဆိတ် တွင်းဝနား သွားထားရာ
ပုရွက်ဆိတ်လေးများသည် အပေါက်မှ ပထမ ဝင်၍ ပျားရည်ဝနေသော ကြိုးဟောင်းကို ကိုက်ဖြတ်စားသောက်ပြီးနောက်
ကြိုးသစ်ကို ချီဆွဲ သွားကြလေသည်။
ပတ္တမြား ကြိုးသစ်တပ်ပြီး ပြန်ဆက် လိုက်လျှင်
အား ရတော်မူလိုက်ပါဘိ။ ကော် မူချ ဒီသူငယ်ဟာ အရွယ်ရောက်လာရင် - မဟာ ပညာကျော် ဖြစ်လာရမည် ထင်သည်။



များမကြာမီ မပေါ်လေး၏ သတ္တိနှင့်ပညာ ကိုစမ်းလို၍ ဘုရင်ကြီးသည် မင်္ဂလာနွားလား ဥသဘကို ပဲအမြောက်အများ ကျွေးစေလျက် ဗိုက်ဖောင်းနေမှ နှခွင်းလျှိုစေပြီး လျှင်
ကဲ - ဖီးနေသယ်နဲ့တော့ - တော်တော်ချူသွားပြီ။ အရှေ့ကုန်းရွာကို သွားပို့။ (ဤကိုယ်တော်၏ မင်္ဂလာနွားလား ဥသဘသည် ဖည်းအရင့်အမာရှိနေပြီဖြစ်၍ သားကျွဲ ဒေါင်လုပ်ပြီး-နွားပေါက်ကလေး နှင့်တကွ လာဆက်သစေ...) လို့ အမိန့်တော်ပြန်လေ-
အရှေ့ကုန်းရွာသို့ အမိန့်တော် ချမှတ်သော်
ဒုက္ခပါဘဲ၊ နွားလားကိုဘဲ - ဘာလို့ မွေးခိုင်းနေလဲမသိဘူး
မပေါ်လေး ဉာဏ်ပညာကို စိတ်ဝင်စားတော်မူလို့ ဖြစ်မှာပေါ့
ခုဟာက - မဖြစ်နိုင်တာကြီး
ပညာစမ်းတာပါ။ တကယ် အပြစ်မပေးပါဘူး ကွာ
မပေါ်သည် ပြောရဲဆိုရဲနှင့် သတ္တိကောင်းသော ရွာသား တယောက်ကို ရွေး၍သင်ပေး၏။
x x x x x x x x x x x x x x x x x x x x x x x x x x x
အေး
အေး
ရပါတယ်
အေး
စိတ်ချ
အေး
ရက်တရက် မပြေသေးဘဲ ထားသဖြင့် ဘုရင်ကြီးသည် ခုနစ်ရက် မြောက်သော နေ့၌ အမြော်ကြီး မြော်လင့်နေစဉ်
ဟဲ့-ဟဲ့ - ဘာဖြစ်တာလဲ ဒီ
အမယ်-ဘုံဗင် ဖါးလျားကြီး နဲ့ပါလား
ဟဲ့
ရင်ပတ် စည်တီး ငိုကြီး ချက်မနဲ့ ဟဲ့
ခွဲထား လို့လဲမရ ဘူး
မေးလို့လဲ မရဘူး
နန်းတော်တွင်းကို အတင်းပြေးဝင် သွားလေရဲ့
တခါးမှူးကိုတောင် တွန်းပစ်ခဲ့တယ်
ရှေ့တော်ကို လာခွင့် ပေးလိုက်။ ကိစ္စ ရှိသ
ဘာဖြစ်လို့လဲ
ထိုအခါ -
မောင်မင်း ဘာဖြစ်လာတာလဲ
ကယ်တော်မူပါဘုရား - ကယ်တော်မူပါ။ ကျေးတော်မျိုး ကျွန်တော်မျိုး၏ ဖခင်ကြီးမှာ -ရှုတ်-ရှုတ်- ကိုယ်ဝန် အရင့်အမာ ရှိပြီး - ခုနစ်ရက်တိုင်တိုင် ရှိပါပြီ ဘုရား - ရှုတ်ရှုတ်- မီးမဖွားနိုင်ဘဲ - ဝေဒနာကြီးစွာ ခံစားနေရပါသောကြောင့် -ရှုတ်ရှုတ်- မွေးဖွားပေး တော်မူပါ ဘုရား -ရှုတ်ရှုတ်----ရှုတ်ရှုတ်--
သယ်..... တောက်တီး တောက်တက်
ယောကျ်ား ဆိုတာ သားမွေး ဖူးမှ မရှိဘဲဟဲ့ ငပေါက်သားရဲ့--- မောင်မင်း ရူး များ နေရောသလား -- ဟေ



တနေ့တွင် အဆောင်တော် အတွင်းဝယ် ဘုရင်ကြီးသည် တွေးတော နေပြန်၏။
[ငါကိုယ်တော်တိုင် သွားခေါ်မည်] ဟု ဆို၍ မဟောသဓ တို့နေသော အရှေ့ကုန်း ရွာသို့ နောက်ပါများနှင့် ကြွလေ၏။



မပေါ်သာ
၄
ဇာတ်တော်ကြီး
ပန်းချီ-ဦးဘကြည်
မပေါ်တို့နေသော အရှေ့ကုန်းကျွန်းသို့သွားစဉ် ဘုရင်ကြီး၏ စီးတော်မြင်းသည် မြေပေါ်ကြား အက်ထဲ ကျွံကျ၍ ခြေကျိုး သွားသဖြင့် မြန်လည်လှည့်ခဲ့ကြရလေသည်။
သိန်း အမတ်ကြီးက သတင်းကြားရသော် အခစားဝင်၍ အပြစ်တင်လေသည်။
အရှင်မင်းကြီး – အကျွန်ုပ်တို့ကို အကျိုးမဲ့ လိုလားသောသူများဟု မှတ်ထင်တော်မူနေသည်။ ဆိုင်းငံ့တော်မူပါဦးဟု လျှောက်ထားပါလျက် အလျင်စလို ထွက်တော်မူ၍ - မြို့ပထမအကြိမ်၌ပင်လျှင် မင်္ဂလာ စီးတော်မြင်း - ခြေကျိုးရ လေပြီ မဟုတ်ပါလော ဘုရား---
ဘုရင်ကြီးလည်း အနည်းငယ်ရှက်သွား၏။
တနေ့တွင်
(မပေါ်သာ - ဆိုတဲ့သူငယ်လေးကို ဆင့်ခေါ်လိုက မည်သို့ပါ)
အပ်သနည်း -သိန်း အမတ်ကြီး ---
အရှင်မင်းကြီး ကျွန်ုပ်သိသလော။ (မပေါ်သာ – သင့်ထံ စါလာခဲ့ရာ - စီးတော်မြင်း ခြေကျိုး ရသည်အတွက်... အာသာထိုက်မြင်းကိုဖြစ်စေ... သေဋ္ဌေထိုက်မြင်းကို ဖြစ်စေ -ပို့ဆက်ရမည် ------ အမိန့်တော် ......)" "
သူပညာရှိလျှင် အဓိပ္ပါယ် ပေါက်နိုင်ပါလိမ့်မည် ဘုရား ----- "
နောက်တနေ့တွင် စာချွန်တော်ပို့လိုက်ရာ
ဟာ-ဘုရင့်အမိန့်တော်ကျလာပြန်ပြီ။ခါတိုင်း
-မပေါ်လေးကို ဘဲ သွားမေးခေါ်ကြပါဒုံးဟာ
မြင်းတွေပေးရမယ် ဆိုပါလား
ဟင်-အာသာထိုက်မြင်းတဲ့။
မဟုတ်ရင်-သေဋ္ဌေထိုက်မြင်းတဲ့။
ဘယ်လိုမြင်းများ ပါလိမ့်
အဘတို့ ငယ်ငယ်က-ဆရာတော်ကြီးများ အမိန့်ရှိဘူး တာကတော့..... အာသာထိုက်မြင်း ဆိုတာ... တယ်ပြီး အမြေးမြန်တယ်ဆိုဘဲ။ လေတိုက်သလိုဘဲ - တဲ့။ ရှိန်လိုက်ရင် မိုးပေါ် ရောက်သွားပြီး တိမ်ညွှန့် တိမ်တိုက်များကိုသာ စားသတဲ့။ " ဒီမြင်းမျိုးဟာ သေဋ္ဌေထိုက်မြင်းနဲ့ မြည်းနဲ့ စပ်ပြီး တသက်မှာ တကောင်လောက်သာ ပေါက်ဖွားသတဲ့.......
[မြိုင်ပေါ်ပြိုင်ပေါ်ကင်းကင်းထေး ဥါသံဥါသံ သောင်းလုံးကြွေး၊ မြင်းအမတ - အာသာထိုက် ဇါနည် - မပြီတာရှုံးမှာ - မြင်းများ ......... ထိပ်ခေါင် ......... .........တင်]
လို့ နန်းတွင်းမှာမဲ့ ဆိုကြသတဲ့ ။ဘ


မကြာမီ မဟောသဓ ရောက်လာ၍
စာချွန်တော်ကို သေချာစွာ ဖတ်ပြီးလျှင်
အလကားပါ--- ဘုရင်ကြီးက - တွေ့ချင်လို့ခေါ်တာကို - တင်စားရေးလိုက်တဲ့ အမိန့်ပါ။
ကျွန်တော်ဖြစ်ဖြစ် - ပေပေဖြစ်ဖြစ် - နန်းတော်ကို လာခဲ့ကြလို့ - ဆိုလိုတာပါ။
ဟင် - တော်ပါသေးရဲ့။ ငါတို့ကတော့ နားမလည်လို့ - လန့်သွားတာပဲဟယ်---။ နှစ်ယောက်လုံး သွားကြပေါ့။ ဘုရင်က ခေါ်တော်မူတာ - နည်းတာမှ မဟုတ်ဘဲ။ ဝမ်းသာဘို့ကောင်းတယ်။ တို့ရွာကလဲ ဂုဏ်ယူပါတယ်ဟယ်
ဒါပေမယ့် - စာက - ပဟေဠိသားပါလို့ အစီအစဉ် ကောင်းကောင်းလုပ်ပြီးမှ သွားလို့ဖြစ်မယ်။
ထိုည၌ ဖခင်နှင့် တီးတိုးပြောဆို တိုင်ပင်ပြီး
အစီအစဉ်များ ပြုလုပ်လေသည်။
နောက်နေ့တွင် သူဌေးကြီးက နောက်လိုက်များ
နှင့်တကွ ရွှေနန်းတော်သို့ သွားနှင့်၏။
မှန်လှပါဘုရား၊ အရှေ့ကျန်းရွာမှ - မဟောသဓ၏ဖခင် - သိရိဝဍ္ဎနသူဌေး - ခြေတော်ရင်းသို့ လက်ဆောင်များဖြင့် ဆိုက်ရောက်ကြောင်းပါ ဘုရား
အိမ်း - ကောင်းပေစွ - သင့်တော်သောနေရာမှ ခစားလော
မကြာမီ မဟောသဓ နှင့် အဖွဲ့သားတို့
လိုက်လာကြရာ မြို့အဝင် ကျုံးထိပ်နား၌
မြည်း တကောင်ကို တွေ့လေရာ ---
ဟိုမြည်းကို - ခိုးဖမ်းချ - ဖျာဖြင့် လိပ်ပြီး - ယူခဲ့ကြလော့!
စိတ်ချပါ အကိုမဟော်
မြည်းကို ဖမ်းပြီး ဖျာနှင့်လိပ်၍ ရွှေနန်း
တော်သို့ ဝင်ကြလေသည်။


နန်းတွင်းသို့ မဟောသဓ တို့ ရောက်လာပြီး
အရှေ့ရွာကုန်းရွာနေ -သူဌေးသား မဟောသဓ သည်-အရှင့် အမိန့်တော် အရ ဖွေပတ်၊ တော်မြတ် သောက်သို့ -ဆိုက် ရောက်ဖြစ် ကြောင်း ပါဘုရား
အိမ်း-သာရသာရ- သူငယ်မိန့်၊ သင့်တင့် လျောက်ပတ်သော နေရာမှ-ခ.စားလော
ထိုအခါ ကြိုတင် စီစဉ် ခဲ့သည့် အတိုင်း မဟော်က ထိုင် နေ သော ဖခင် အား လှမ်းကြည့် လိုက်ရာ ဖခင်က ကုန်းထရင်း
သား မဟော်- ကျွန်ုပ်နေရာတွင် ထိုင်လော့
ဟုတ်ကဲ့
မဟောသဓက ဖခင်နေရာ ဝင်ထိုင်လိုက်လျှင် ပညာရှိ အမတ် လေးဦးက လက်ခုပ်လက်ဝါး တီး၍ လှောင် ရယ် ရယ်ကြ လေသည်။
ဝါး
ဟား ဟား ဟားဟား
ဟား ဟား ဟား
လူမိုက်ကို ပညာရှိ ထင်နေကြသည်၊ ဖခင်ကို နေရာမှ ထစေပြီး ဝင်ထိုင်တဲ့ လူမိုက်ဘဲ ဟဲဟဲ
ဘုရင်ကြီးလည်း ရွှေမျက်နှာ ညှိုးသွားသဖြင့် မဟောသဓက မအံ့သြဘဲ ရဲရဲ တင်းတင်းပင် လျှောက်တင်လေသည်။
အရှင်မင်းကြီး - နေရာတိုင်းမှာပင် သားထက် ဖခင်က မြတ်သည်ဟု ယူဆတော်မူပါ သလားဘုရား
အိမ်း- ငါထင် သည်
ထိုအခါ မဟော်လေးက အဖွဲ့သားများအား လှမ်း၍ ဖျာလိပ်ကို ဖြေစေသည်။
အဲ့ အဲ့
ဟဲ့-ဘာကြီး လဲ
ဟောဗျ
ဟာ
ဟင်.... မြည်းကြီးပါလား
ဘာလုပ်ကြတာလဲ
ထိုအချိန် မဟော်လေးက ဆက်၍တင်၏။
အရှင်မင်းကြီး - ကျွန်ုပ်မြည်း သည်-တန်ဖိုး မရှိလှပါ၊ သို့သော် ကျွန်ုပ်မြည်း ကို အစွဲပြု၍ - အာဇါနည်မြင်း မမှ ပေါက်ဖွား သော - အဿတိုရ် မြင်း ကား- အဘိုး အခ ၅၀ ထိုက်တန်သည် မဟုတ် ပါလော ဘုရား။
မြည်း+မြင်း
အဿတိုရ်
အိမ်း
ထိုအတူ၊ သားက ဖခင်ထက် မြတ်သည်လည်း ရှိသည်မဟုတ် ပါလော ဘုရား
အိမ်း



အရှင်မင်းကြီး၏ ပညာရှိကြီးများသည် ကျွန်မလောက်ပင် မသိတဲ့ဟျက် - လက်ခုပ်လက်ဝါး တီး၍ ချပင်ပြဲ ဂါရယ်ပြုကြသည်။ သူခမိန်ကြီးများ၏ ဉာဏ်ပညာ အရည်အချင်းများကား အံ့ဘွယ်ရှိလေစွ...
အရှင်မင်းကြီး ... သားထက် မင်းဂ ရေရှာ တကာတွင် ဖြတ်လျှင် - မင်းသူဌေးကြီးကို ကောက်ယူတော်မူပါ ......... သားက အဖထက်ဖြတ်လျှင် - ကျွန်တော်မျိုးကို ကောက်ယူတော်မူပါ။
ကျွ်သို့ လျှောက်ထားသည်ကို ဘုရင်ကြီးသည် များစွာ နှစ်သက်တော်မူ၏၊ မှူးမတ်အပေါင်းတို့ကလည်း ချီးကျူးကြလေသည်။
အချက် တယ် ပိုင် ပါ လား
ဟား တယ်တော်တဲ့ ကလေးပါလား
ပညာလဲရှိ သတ္တိလဲရှိ
ပရိယာယ်လဲ ကြွယ်ဝပါပေတယ်
အရွယ်နဲ့ မလိုက်ဘူး
မဟောသဓ - သူခမိန် မေဆိုခြင်းကို - ငါကိုယ်တော် လွန်စွာ နှစ်ခြိုက်တော်မူသည် ......... သူဌေးကြီးအား အရှေ့ကုန်းရွာ အပိုင်စား - မြို့စားမင်းရာထူး ခန့်အပ်တော်မူသည်။ မဟောသဓ လေးကိုလည်း သားတော်အဖြစ် မွေးလိုသည်၊ သူဌေးကြီး သဘောတူလော့...
အမိန့်တော်မြတ် အတိုင်းပါဘုရား
မြို့စားမင်း သူဌေးကြီးသည် ပြန်ခါနီး၌
ချစ်သား မဟော် သတိကြီးစွာထား၍ ခစားရစ်ပေလော့
စိုးရိမ် တော်ကြ မရှိပါနှင့် ဖခင်
ထိုနေ့မှ စ၍ မဟောသဓ ၏ အလိုကျ သင့်တင့် လျောက်ပတ်သော အိမ်တစ်ဆောင် ချီးမြှင့်သဖြင့် အမွှ်သားများ နှင့် အပြင်မှ ခစားနေထိုင်လေသည်။
ဆက်ရန်


မဟောသဓာ
ဇာတ်တော်ကြီး
၅
ပန်းချီ - ဦးဘကြည်
တနေ့သ၌ မြို့တော်အနီး၌ရှိ ရေကန်ကြီးသည် ရေများ ခန်းနေသဖြင့် မင်းကြီးအား သံတော်ဦးတင်၍ ကိုယ်တော်တိုင် ကြွလာပြီး -
အိမ်း - ဟုတ်ပေ သားကတော့ ခန်းခြောက်နေတာပဲ ပါလား
အဘယ် အကြောင်းကြောင့် - ရေရှိမြဲသည့် ကန်မှာ ယခုလောက် ခန်းခြောက်ပ နေရသနည်း၊ သိချင်ပါဘိ....
မှန်လှပါ။ ဘုရင်များ ဘုန်းတန်ခိုး တက်ကြွသည့်အခါ - ရေကန်တွင်း သို့ ကောင်းမြတ်သော ပဒုမ္မာကြာ များ အလိုလို ဆိုက်ရောက် လာ ကြောင်းပါဘုရား။ ရေကန်အောင်ခဲ လျှင် - ရပါလိမ့်မည် ဘုရား။
သားတော် ဓာဂေါ် - အဘယ်သို့ ယူဆ သနည်း - တင်လော့...။
ပြည့်တန်ပဒုမ္မာများ အကြောင်း ထိုး၍ သာဖြစ်တန်ရာသည်။
သို့သော် ကျွန်တော် ကျောက်ကောင်း သည် - ရေထဲ၌ ရှိဟန်မတူပါ ဘုရား။ ခမည်း တော်အား - လက်တွေ့ ပြနိုင်ပြုတော်မူပါ ဘုရား
ဆက် တင် လော့
မဟောသဓာသည် ရေခွက်ဝယ် ရေဖြည့် စေပြီး မင်းကြီးအား ပြလေ၏။
ခမည်းတော် - အရှင်မင်းကြီး - ကျွန်ုပ်လက်ထဲမှ ရေကို - ဒီတောက်က ဆေခဲ့သည့်အတိုင်း ရေသည် နီရဲနေသည်။...... တကြောတဖက်က ဆေခြည်သို့ လျှင်ကား - ရေ - လုံးဝ မနီကြောင်း ရှု တော်မူလော့...
မင်းကြီးက လေ့လာပြီးသော် -
အဘယ် သဘောနည်း - သားတော်..
ကျွန်ုပ်အချိန်တွင် နေရောင်ခြည်သည် ထန်းပင်ထက်သို့ ထိုးပြီးမှ တဖန် အရောင်ပြန်၍ ရေပြင်သို့ ဟပ်နေကြောင်းပါ။ သို့ဖြစ်၍ ထန်းပင် ထက်ရှိ ကျီးသိုက်တွင်းသို့ - အစာ ဖွတ်ထင်ပြီး - ပဒုမ္မာကြာကောင်း တလုံး ချီလာ၍ ရောက်နေကြောင်း ဖြစ်နိုင်ကြောင်းပါဘုရား။
ယူခိုင်းလျှင် တက်ယူစေ ရရှိနိုင်မည်ဘုရား


ဘုရင်ကြီး၏ အမိန့်အရ ထန်းပင်ထက်သို့ တက်ယူစေရာ ပတ္တမြားကောင်းတလုံးကိုရသဖြင့်
အရပ်သားများက သိန်းအမတ်ကို ရှုတ်ချကြကုန်၏။
သားတော်-တော်ပါပေါ့ -ကောင်းလိုက်တဲ့ ပတ္တမြား- အရည်ကို လည်းကြည့်-ကြည့် နေတာဘဲ
တခါသော် ဘုရင်ကြီးသည် တောကစား၍ ပြန်လာစဉ် သစ်ပင်ထက်၌ မိန်းမတယောက် ကိုမြင်လေသော်
ဟဲ့ - မင်းချင်း- မေးစမ်းဟဲ့
မင်းချင်းများက ဆူးခက်များ ဖယ်ရှားပြီး သစ်ပင်အောက်သို့ ကူညီ ချပေးပြီးသော်
သင့်ဖြစ်ပျက်ကုန်စင် -တင်လော့
မှန်ပါ့ -ဘုရား
ဤသို့ ဆို၍ ရွှေနန်းတော်သို့ ခေါ်သွားပြီး နှစ်သက်လှသဖြင့် မိဖုရားကြီး မြှောက်လေ၏


တနေ့တွင် မိဖုရားကြီး နှင့်အတူ ဥယျာဉ်
တော်သို့ ထွက်စဉ် မြို့အထွက်နားရောက်သော်
မိဖုရားကြီးသည် ကုရုမြို့ မဆည်နိုင်ဘဲ
ပြုံးမိလေသည်ကို ဘုရင်ကြီးစိတ်ညို့၍
ခိ
အဘယ့်ကြောင့် ရယ်ရသနည်း
သဖန်းပင်ထက်ဝယ်
ဘုရားနှစ်မကို ထားကာအောက်မှ သူ့ခက်ကါထားခဲ့၍ ထွက်ပြေးသော သူ - လမ်းပြနေ သည်ကို တွေ့၍-
ဘုရား နှစ်မ-ကဲ့သို့ - ဘုန်း ကျက်သရေရှိသူကို ကျွန်ယောက်ျားညံ့ - မဆောင်နိုင်ရှာ:---ဟု တွေး မိ၍ - ရယ်မိ ကြောင်းပါ ဘုရား
ဝါ - မယုံနိုင်၊ သင် - လိမ်လည်၍ ပျောက်ထားခြင်းသာဖြစ်သည်။ အခြားယောက်ျား တယောက်ကို မြင်၍ ရယ်ခြင်းသာ - မဟုတ်လော
ဟုဆို၍ သံလျက်ကို လှမ်းဆွဲမည်ပြုရာ
သနားခံတော်မူပါ ဘုရား.....
ပျောက်တင်ထား ချက်များ - ဟုတ် လောက်သည်--- မဟုတ်လောက် သည်ကို--- ပညာရှိ သူမဟန် များကို မေးတော် မူပါဦး ဘုရား
ထိုကြောင့် သားတော် မဟောသဓ ကို ခေါ်ယူ မေးမြန်းတော် မူ၏။
...ကျွဲခိုန်းမဖြတ်ကို - ယောက်ျားက စွန့်ပစ်သွား သည်ဟု ဆိုသော စကား ကို - သားတော် ယုံကြည်ပါသည်။ ဘုန်းမဲ့သော သူ သည် - ဘုန်းရှိသော သူနှင့် အတူ ဆက်ဆံ၍ - မနေ နိုင်ကြောင်းပါ - ခမည်းတော် ဘုရား



မင်းကြီး သည် ထိုစကားကို ကြားသောအခါ အမျက်တော် ပြေသွားပြီး -
သားတော်သာ မလျှောက်တင်လိုက်လျှင်.. ငါကိုယ်တော် မိန်းမဖြတ် တယောက် သုံးရတော့မလို့ — သားတော် - တော်ပါပေတယ်။ ရော့ - ဆုတော်ငွေ
ထိုအခါမှ မိဖုရားကြီးသည် အားတက်လာကာ ဘုရင်ကြီးထံ လျှောက်ထား၏။
ရွှေဘုန်းတော်ကြီးလှသော အရှင်မင်းကြီးဘုရား မဟော်သဓ သူငယ်သည် ပညာလည်းကြီး - ဘုရား၌ မတော်၏ အသက်သခင် ကျေးဇူးရှင် လည်းဖြစ်သောကြောင့်.... မောင်တော်လေး အရာထားခွင့် ပေးသနား တော်မူပါ ဘုရား....
အိမ်း - ထားစေ
ထိုအချိန်မှ စ၍ စားကောင်းသောက်ဖွယ် များကို အချိန်မရွေး အစစ်အဆေး အမေး အမြန်းမရှိ ပေးပို့ပိုင်ခွင့် ရလေသည်။
ဘယ်ကလဲ
မိဖုရားကြီး ပို့လိုက်တာပါ
ရပြီ။ သွား
ထိုကဲ့သို့ ရွှေနန်းတော်တွင် အတိုင်ပင်ခံ သားတော် အဖြစ်နေရင်းနှင့် အသက် ၁၆ နှစ်ပြည့်လာသောအခါ..
မိဖုရားကြီးနှင့်ဘုရင်ကြီးတို့တိုင်ပင်ကြ၏။
သားတော် - အရွယ်ရောက်ပြီမို့ ကြင်ယာတော် ရှာပေးရဦးမည် -
မောင်တော်လေး စိတ်တိုင်းကျ - ရှာသင့် ကြောင်းပါဘုရား
သားတော်ကိုယ်တိုင် ရှာယူခွင့်ပြုတော်မူပါ - ခမည်းတော် ဘုရား
အိမ်း - ခွင့်ပေးသားပေါ့
ထို့ကြောင့် မဟော်သဓ သည် မထင်မရှား အပ်ချုပ်သမား အသွင်ဆောင်ကာ ဖူးစာဖက် ရှာရန် ထွက်လာခဲ့လေသည်။
အပ်ချုပ်သယ် အပ်ချုပ်သယ်

ဆက်ရန်



မဟောသဓာ ၆
ဇါတ်တော်ကြီး
ပန်းချီ-ဦးဘကြည်
မဟောသဓာသည် ဇနီးလောင်းရှာရန် ထွက်လာရာ တခုသောရွာထိပ်တွင် ချောမောလှပသော မိန်းမငယ်တဦးကို မြင်၍ နှစ်သက်မိလေ၏။
ချောတာ လှတာတော့ ပြောစရာ မရှိဘူး - သွားပုံ လာပုံ ကလဲ ယဉ်ကျေးတယ်။ ဉာဏ်ပညာ ရှိရင်တော့ .... ဒီမိန်းမမျိုး ရှာမှ ရှားဘဲ.....
အပျိုလား - အိမ်ထောင်နဲ့လား သိရအောင် စုံစမ်းအုံးမှဘဲ
အမှတ်တမဲ့ဖြင့် လက်သီးဆုတ်ပြရာ
မိန်းမပျိုကလည်း လက်ဝါးထောင်ပြ၏။
အလို...ငါမေးချင်တာ သူနားလည်နေပါလား။ လက်ဆုပ် လက်ကိုင် အိမ်ထောင်ရှိလား ဆိုတာကို - လက်ဝါးဖြန့်ပြပုံထောက်တော့ - အိမ်ထောင်မရှိ - အပျိုပါပေါ့
ဉာဏ်ပညာကြီးပုံရတယ် အနီးကပ်လေ့လာအုံးမှဘဲ
ခပ်လှမ်းလှမ်းမှ လူတယောက်ကမြင်သော်
ဟာ - ဟိုသူငယ်က - လက်သီးပြတယ် - ဟို ခလေးမက - လက်ဝါးဖြန့်ပြတယ်- ရန်ဖြစ်ကြတာများလား ...
ဟောဗျ- ဟို သူငယ်က အနားကပ်သွားပြီ- ဒိုကြပါဘဲ
အနားရောက်လျှင် မဟောသဓာက မေး၍
နှမလေး နာမည် ဘယ်လိုခေါ်သလဲ - - ဟင်.
အတိတ် - ပစ္စုပ္ပန် - အနာဂတ် - ကာလသုံးပါးနဲ့ - မရှိနိုင်သည့်သဘော တချက်ရှိပါသည်။ ထိုသဘောမှာ ကျွမ အမည်ပင် ဖြစ်ပါတယ်။


ကါလ သုံးပါးမှာ မရှိတာ က တော့ (မသေခြင်း) တရားဘဲ။ ပါဠိ ဘာသာနဲ့ဆိုရင် (အမရ) ဘဲ။ ဒီတော့ - နှစ်မလေး နာမည်က (အမရာ) တဲ့လား
ဟုတ်ကဲ့ ရှင့်
ဒီ ယာဂုအိုး - ဘယ်သူ့ အတွက် သွားပို့မလို့လဲ
အိမ်ဦးနတ် အတွက် ပါရှင်
ဪ... ........ မနင်ထဲ သွား ပို့မလို့လား
ဟုတ်ကဲ့ ရှင့်
သို့လိုသော မေးခွန်းများ မေးပြီး ကျေနပ် လောက်လျှင် မိန်းမပျို၏ နေအိမ်ကို မေး၍
××× ကျွန်တော် အပ်ချုပ်သည်ပါ။ ဒီက သမီး - အမရာ - ကို မေတ္တာ မျှ မိ၍ - သားမွတ်မွတ် မယားမွတ်မွတ် နှင့် အိမ် ထောင်ပြုလိုပါသည်။ ကျေးရွေ တဆောင် တင်၍ တောင်း ခွင့်ပေးပါ ××
××××××××××××
မိခင်ထံ သွားရောက်ပြီး တောင်းဆိုလေ၏။
ရွှေမြို့တော်သို့ ပြန်ရောက်လျှင် ဘုရင် ကြီးကလည်း မင်္ဂလာပွဲ ကျင်းပပေးလေသည်
တနေ့တွင် အမတ်ကြီး လေးယောက်တို့သည်
မဟော် တယောက်ထဲရှိတုန်းကတောင် ပညာချင်း မယှဉ်သာလို့ - ငါတို့ အရာမဝင်သလို ဖြစ်နေတယ်...
အခု သူ့လိုပင် အလိမ္မာပိုတဲ့ ဇနီးချော လေး ရှိနေပြီ
နှစ်ယောက်ပေါင်း ဉာဏ်ပညာနဲ့ ဆိုတော့ ပိုခက်လိမ့်မယ်
ဒီတော့ ဘယ်လို လုပ်ကြမလဲ
အိုမျှာ - နန်းတော်က - ဘုရင်သုံး ပုလ္လင်အသစ်ကို ဒို့ကိုယ်တိုင် ခိုးပြီး - သူ့အိမ်ရောက် အောင် စီမံကြရတာပေါ့
အေး - ဟုတ်တယ်
ပြီးတော့ - အကြောင်းဆင်ပြီး ဘုရင်ကြီးကို လျှောက်လိုက် ရင်.......
ဟား ဟား အချုပ်ထောင်ကို တန်း သွားမှာပေါ့။
နောက်တော့ - နန်းတွင်းက - ကန့်ထုတ် လိုက်
ဒါဆို - ဒို့တတွေ - ဇိမ်ဘဲ။




ရက်များမကြာမီ မဟောသဓ မရှိခိုက်-
ရက်တက်အိုး တော်ရို့- ရက်တက်အိုး- ဝယ်ကြ အုံးမလား
အင့်ဟင်... ဒီဈေးသယ်မှာ တခြားသွားမရောင်းဘဲ- ဒီအိမ် တဝိုက်တွင်သာ ရစ်ဝဲပြီး - အော် ရောင်းနေတယ်။ အကြောင်းထူး ရှိလိမ့်မယ်။ စုံစမ်းအုံး မှဘဲ။
အမရာသည် သင်္ကာ မကင်းဖြစ်သောကြောင့်
မိမိအနားရှိ ရံရွေတော်အား
ဟဲ့ မယ်ဥ - အိမ်ဘေးဖြဝင်း ထဲ ခဏသွားနေစမ်း၊ ငါခေါ်ခိုင်းမှပြန်ဝင်ခဲ့
မှန်ပါ့ မဖုရား
ရက်တက်အိုးသယ် လာပါအုံး
လာပါပြီ မဖုရား - ရက်တက်အိုးက ကောင်းလွန်းလို့
အေးဟဲ့ - အေ့ ရက်တက်အိုးက ကောင်းပုံဘဲ၊ တယ် လောက်ခဲ့ရောင်းမှာလဲ
မဖုရား- ကြည့်သာ ပေးပါလေ...
အေး - အိုးချထားပြီး - အိမ်ဘေး ဖြဝင်းထဲက - မယ်ဥ သွားခေါ်ခဲ့ပါလား၊ မဖုရား ချိန်းချင်လို့
ထိုဈေးသည်မ သွားခေါ်နေခိုက် အိုးထဲသို့ နိုက်ကြည့်ရာ ရွှေဆံကျင်တစုံကိုတွေ့၍
ဟောတော့ - အရှင် သခင့် - ပဒ္မြားဆံကျင် ရက်ထဲ့ထားပါလား၊ ဈေးရာမပျော် ဖြန် ထဲ့ထားပြီး - ဒီ ဟန်ဆောင်ရှိ ဝယ်ခိုက် မှဘဲ...
မယ်ဥကိုခေါ်လာပြီးသောအခါ
သူလား- မဖုရား
အေး အေး ညီး ရက်တက်အိုးက အတော်ကောင်းတာဘဲ၊ ရော့ရော့ - ငွေယူသွား
ဒါနဲ့ ညည်းက ဘယ်အိမ်ကလဲ၊
သိန်းအမတ်ကြီး အိမ်ကပါ
ဘယ်သူ့ သမီးလဲ၊ ဘယ်လို တော်စပ်သလဲ
မယ်ဥ - ဒီရက်တက်အိုးကို ကောင်းကောင်းမ ယူသွားပြီး - အိမ် ခန်း၀ မှာထားချေ
ဈေးသည်မက ရိုးသားစွာဖြေ၍ပြန်သွား သောအခါ အကျိုးအကြောင်းနှင့်တကွ ရက်စွဲပါ မှတ်သားပြီး ရက်တက်အိုးကို လုံခြုံစွာသိမ်းထားလိုက်သည်။
သိန်းအမတ်ကြီး အိမ်က ကျွန်မ လာရောင်းတဲ့ ရက်တက်အိုးနဲ့ မှတ်ချက်တွေ ဒီမှာ သိမ်း ထားမှဖြစ် မယ်။



နောက်တနေ့တွင် ဒေဝိန်း အမတ်ကြီး ၏
ခိုင်းစေချက်အရ လာရောင်းသော စပါးစည်း
ထဲမှ ဘုရင့် ခြေနင်းကို၎င်း -
တဖန် ကာမိန်း အမတ်ကြီး၏ စေခိုင်း
ချက်အရ လာရောင်းသော ဟင်းသီးဟင်း
ရွက် ခြင်းထဲမှ ကမ္ဗလာ ကို၎င်း -
ထို့နောက် ပဂုတ် အမတ်ကြီး၏ စေခိုင်း
ချက်အရ လာရောင်းသော ပန်းတောင်း
ထဲမှ ရွှေပန်းကုံး ကို၎င်း -
နေ့ရက် စာရင်းနှင့်တကွ မှတ်သား၍
လုံခြုံစွာ သိမ်းထားလိုက် လေသည်။
မဟောသဓ အိမ်သို့ ပစ္စည်းစုံရောက်လျှင်
အမတ်များက မင်းကြီးအား မေးကြ၏ ။
အရှင်မင်းကြီး - ပတ္တမြား ဆံကျင်ကို အဘယ်ကြောင့် မဆင်မြန်းပါသနည်း ဘုရား
ဆံကျင်တော်နှင့် ကြက်သရေရှိလှပါ ဘုရား
ဆံကျင်တော် မတွေ့ရတာ ကြာပါပေါ့ ဘုရား
အိမ်း
ပျောက်ပေသွားကာဘဲ ...
ဆံကျင်တော် ဆက်သစေများ
မင်းလုလင်သည် မကြာမီ ပြန်လာပြီး
မှန်လှပါဘုရား - အဆောင်တော်တွင်း၌ ရှာဖွေကြည့်ရာ .... ပတ္တမြားဆံကျင် ရွှေပန်းကုံး ကမ္ဗလာ ရွှေခြေနင်းများ မတွေ့တော့ကြောင်း ပါဘုရား ---
သယ်
အရှင်မင်းကြီး - ဤပစ္စည်း လေးမျိုးလုံးသည်
မဟောသဓ အိမ်၌ရောက်နေကြောင်း သတင်း
ရရှိပါသည်ဘုရား။
မဟောသဓ သည်
ဤမည်သော
ပစ္စည်းများကို
ဝတ်ဆင်သုံးစွဲ
နေကြောင်းပါ၊
မင်းကြီး၏ ရန်သူ အာခွန်မင်
ဖြစ်ကြောင်းပါဘုရား။
ဤသို့ကုန်းချော၍ လျှောက်တင်ထားလျှင် .
ဆက်ရန်

ဓါတ်တော်ကြီး ၃

ပန်းချီ-ဦးဘကြည်




နောက်နေ့တွင် အမရာ ထံသို့ လက်ဆောင် ပစ္စည်းနှင့်တကွ စာတစောင်ရောက်လာ၏။
ဟင်... သိန်း အမတ်ကြီးထံက - ဆိုပါလား။ စာတွေကလဲ ကလေးကလား နိုင်လိုက်တာ နက်ဖြန် ညလာခဲ့မယ် - တဲ့။ ဘာသဘောပါလိမ့်။ ကြီးကောင်ကြီးမား နဲ့ လင်ယောကျာ်း တိမ်းရှောင် နေရတဲ့ကြားထဲ - တယ် ဇော်ကါးပါလား ...... ထို
ထိုအတူ အကြံတူဖြစ်သော ဒေဝိန်း၊ကာမိန်း ပဂုတ် အမတ်တို့ထံမှလည်း စာများ ရသဖြင့် အမရာမှာ ဒေါသဖြစ်သော်လည်း
အောင်မလေး - ဒီလို ဘဝမျိုးရောက်မှတော့ ဘာထူးတော့မှာလဲ ...သည်လောက်ဆိုးဝါးတဲ့ လူယုတ်မာ အမျိုးဒို တွေ... တသက်လုံး မှတ်လောက် သားလောက် အောင် လုပ်ရှုတ်ရမယ်.... ........ငါ ရှက်လိုက်တာနော်...
အောင့်ထားပြီး အမတ်တယောက်ကို တချိန် စီလာရန် စာပြန်လိုက်လေသည်၊
ထိုအချိန်မှစ၍ အမရာသည် ကျေးကျွန်များကို ကွပ်ကဲ၍ ရေချိုးခန်းတွင်အပေါက် ဖေါက်ခြင်း၊အုံဖုံးတပ်ခြင်း၊စက်ခလုပ်များ ဆင်ခြင်း၊တွင်းတူးခြင်းများလုပ်နေလေ၏။
ညဦးတွင် သိန်း အမတ်ကြီး ရောက်လာပြီး
အမယ်လေးလေးလေး - အမရာ ရုပ်များ လှလိုက်တာ ခုတ်မိမယ်တမျှဘဲ .. ဟဲဟဲ
မောင်တော် သိန်း ကလေ ....
ကြွပါ ကြွပါ နောက်မှ စကား ပြောကြတာပေါ့..... ပထမ - ရေ မိုးချိုးသွား ပါအုံး ...
ရေချိုးခန်းသို့ လမ်းပြပြီး ရေချိုးရန်ပြင်စဉ်
ဟဲဟဲဟဲ
ဟဲဟဲဟဲ
ဟဲဟဲ
ဟဲဟဲဟဲ
ဟဲဟဲဟဲ
အို - လက်ကြီးကလဲ... ဟိုဘက်လှည့်ပါ
အမရာ - ရေ လောင်းပေးပါ မယ်
ထိုသို့ဆိုပြီး စက်ခလုပ်ကို နှိပ်လိုက်ရာ အုံဖုံးပြုတ်၍ အမတ်အိုကြီးသည် ကျင်းထဲသို့ ကျသွားလေသည်။
ဂလုပ်
ဂလောက်
ဂလုပ်
အား



ထို့နောက် - အမတ်ကြီး
တယောက်ပြီးတယောက်
ရောက်လာကြရာ...
အမရာသည် ဂူခြေ
မျက် - ပရိယာယ်သုံး၍
ရေချိုးခန်းအောက်ရှိ
ကျင်းနက်ကြီးထဲသို့
စက်ခလုပ်နှိပ်၍
ချလိုက်လေသည်။
တညလုံး ကျင်းထဲ၌ ထားပြီး နံနက်မိုးသောက် မှ လှေကား ချပေးကာ တက်စေ၍ -
ကဲ - ဘဘတို့ ဒီလှေကားမှ အပေါ်ကို တက် နိုင်ကြပါပြီ
အပေါ်သို့ ရောက်လျှင် ကျေးကျွန်များက အမတ်အိုများကို ကတုံးရိတ်ပေးလျက်
ငြိမ်ငြိမ်နေ.. လှုပ်ရှပ် မီးမြှုပ်သွားမယ်
ကော်ရေသုတ်၊ လဲမှို့များကပ်ပြီး တယောက်စီကို ဖျာဖြင့်လိပ်လေသည်။
ထို့နောက် သူတို့ရောင်းခိုင်းထား၍ ဝယ်ယူ ထားသော ပတ္တမြားဆံကျင်၊ ရွှေပန်းကုံး၊ ကမ္ဗလာ၊ ရွှေခြေနင်းတို့ကို မှတ်သား ထားသော စာနှင့်တကွ -
ဖျာလိပ်များကိုပါ တပည့်များအား သယ် ဆောင်စေလျက် ရွှေနန်းတော်သို့ အမရာ ကိုယ်တိုင်သွားလေသည်။


မင်းကြီး၏ရွှေမျှောက်သို့ရောက်သောအခါ
ထိုသို့ ပျောက်ဆုံးနေသော ပစ္စည်းများ ကို ဆက်သပြီး...
မျှောလိပ်များကို ဖွင့်လိုက်လျှင် မြင်ရသူ အားလုံး တဝါးဝါး ရယ်ကြပြီး
အကျိုးအကြောင်း အလုံးစုံကို ရဲရဲ လျှောက်တင်လိုက်လေသည်။
အမတ်ကြီးများမှာ ရှက်လှ၍ ပြီး နီးရာ အပေါက်မှ ထွက်ပြေးကြ၏။
ဘုရင်ကြီးမှာ တွေနေတော့၏။
ဆက်ရန်



မဟောသဓာ
၈
ဇါတ်တော်ကြီး
ပန်းချီ-ဦးဘကြည်
ရွှေနန်းတော်တွင် မဟောသဓာ၏ တရားသံ မကြားရသည့်မှာ ကြာလာသဖြင့် တညသောအခါ ထီးချက်စောင့် နတ်သမီးက ကိုယ်ထင်ပြပြီး.... မင်းကြီးအား ပြဿနာ လေးချက်ကို ဖြေဆိုရန် တောင်းဆိုလေ၏
အရှင် မင်းကြီး
လက်တို့ဖြင့်ရိုက်နှက်-ခြေတို့ဖြင့်ကန်ကျောက်၏။ ထိုသို့ပုတ်ခတ်သည့်ကိုပင် ချစ်နေရသည်။ သူကား မည်သူနည်း။
နှုတ်က ဆဲရေး၏။ သို့ရာတွင်-သူမလာမည်ကို စိုးရိမ်သည်။ သူ့ကိုပင်ချစ်နေရသည်။ ၎င်းသူကား မည်သူနည်း။
မဟုတ်မမှန် စွပ်စွဲ ပြောဆို၏။ မခံချင်အောင် မဟုတ်တာ တန်းလျား ပြောတတ်၏။ ယင်းသို့ပြောသည့်အတွက် သူ့ကို ချစ်နေရသည်။ ၎င်းသူကား မည်သူနည်း
ထမင်း-အဖျော် ယမကာ အဝတ်အစား-ကြေးငွေ-အိပ်ရာ နေရာစသည်တို့ကို ယူဆောင်သွားသည့်အတွက်ပင်-သူ့ကို ချစ်နေရသည်။ သူကား ဘယ်သူနည်း။
၎င်းပြဿနာ လေးချက်တို့ကို ဖြေသော်....
၎င်းပြဿနာတို့ကို ကျွန်ုပ် မဖြေနိုင်။ သူခမိန်တို့ကို မေးပြီးမှ ဖြေကြားပါမည်။ ။


ဘုရင်ကြီးက သုခမိန် အမတ်များကို အခစား ဝင်ရန် အမိန့် ချလေသည် ။
ရွှေနန်းရှင် ဘုရင်ကြီးက အခစားဝင်ရန် အမိန့်တော်ချမှတ်ကြောင်းပါ - အဘဘုရား
ဟာ - ကတုံးကြီးနဲ့ ရှက်လွန်းလို့ - မလာပါရစေနဲ့လို့ - လျှောက်တင်ထားပါ...
ထိုသတင်းကို ပြန်လည်သံတော်ဦးတင်ရာ
အင်း - ဟုတ်ပေသား ကဲ...
ပေါင်းဦးထုပ်များ အမြန်လုပ်၍ ပေးအပ်ပြီ အခစားဝင်ရန် စီမံကြစေများ....
သုခမိန် အမတ်လေးပါး အခစားရောက်လျှင်
သုခမိန်ကြီးတို့..... ထီးချက်ဆောင် နတ်သျှင်က ကြံမည်သော ပြဿနာ လေးချက်ကို အမေးရှိသည်။ ကျွဲသည် တို့ကြားအတယ် ခည်း။
မှန်လှပါဘုရား ကျွန်တော်မျိုးကြီးများ လုံးဝ မသိကြောင်း ဝန်ခံပါသည်ဘုရား
အင်း - ကောင်းကွာ..... သို့ကလို ဆိုလျှင် - အသင်တို့ကိုယ်တိုင် ကွယ်ကာလျက် မဟောသဓကို တွေ့အောင်ရှာကြလော့....
..... တွေ့လျှင် အသပြာထောင်ထုပ် အပ်၍ - တွေ့ရာ အရပ်မှ ရွှေနန်းတော်သို့ ပင့်ဆောင်ခဲ့ကြလော
မဟောသဓကို လှည့်လည်၍ အပူတပြင်းပင် ရှာကြရာ တနေ့တွင် အိုးဖိုတခု၌ တွေ့သဖြင့်
မဟောသဓ သုခမိန်ဘုရား - မဟုတ်ပါလော - ဘုရင့်အမိန့်တော်ပါကြောင်းပါ
ဟေ
အသပြာငွေ ထောင်ထုပ်ကို လက်ခံ၍ ရွှေနန်းတော်သို့ အမြန် အခစားဝင်ရန် ဖြစ်ကြောင်းပါဘုရား
ပြန်ခါနီးတွင် မဟောသဓက အိုးဖိုရှင် အား ငွေထောင်ထုပ်ဖြင့် ကန်တော့ရာ
အလိုလေး ကျွန်တော်မျိုးကြီးကို ခွင့်လွှတ်တော်မူပါ
မင်းခစား သုခမိန်ပင် ဖြစ်လင့်ကစား တပည့်ဖြစ်ပါ၍ ဆရာသည် ဆရာပင်ဖြစ်၍ - တပည့်က တပည့်အဖြစ်ကန်တော့သည်ကို လက်ခံပါ - ဆရာကြီး...



ထိုသို့ ကန်တော့ပြီး မဟောသဓ သည် ရထားပေါ် တက်၍ လိုက်သွား၏ ။
ရွှေနန်းတော်တွင် သိန်းအဖတ်ကြီးက မဟော သဓကို တွေ့လာပြီဖြစ်ကြောင်းတင်လျှောက်၏
ရွှေနန်းတော်သို့ရောက်လျှင် မဟောသဓ ကို ပလ္လင်ထက်ဝယ်တင်၍ထီးဖြူမိုးစေလျက်
ဒုတိယ ပြဿနာကား - အသက် - ၇ - နှစ် - ၈ - နှစ်ရွယ် ကလေး ကို ဆိုလိုသည်.....
တတိယ ပြဿနာကား - ညား ခါစ - ဇနီး



ဧတဒဂ္ဂပြသသနာကား - အကျင့်သီလ နှင့် ပြည့်စုံသော အလှူခံ ရဟန်း ပုဏ္ဏား တို့ကို ဆိုလိုသည်။ အလှူခံလာလျှင် ဒါန ဖြောက်၍ ဝမ်းသာစွာ လှူကြောင်း တန်းကြ သည် မဟုတ်ပါလော........
ထိုသို့ ဖြေဆိုနေစဉ် ထီးချက်စောင့် နတ်သမီးက ကိုယ်ထင်ပြ၍ ချီးကျူး၏။
သူခမိန်
မဟောသဓ -
တော်ပေစွ -
တော်ပေစွ -
သာဓု - သာဓု -
သာဓု -
ဘုရင်ကြီးသည် အားရတော်မူ၍ မဟောသဓ အား စစ်သူကြီးရာထူး ခန့်အပ်တော်မူ၏။
ကျွဲပွင့် သူခမိန်တို့ မနာလိုကြပြန်၍ ဥာဏ်နီ ဥာဏ်နက် ထုတ်ကြပြန်၏။
ဘယ်လို လုပ်ကြမလဲ
ခပ်မြန်မြန်စား လုပ်မှ - တော်ကာကျ မယ်
ဒီကောင်လေး တခါထဲ ပြုတ် သွားအောင် - ပျောက်တွန်း ရမယ်ဗျ
အကွက် ကြာရမှာပေါ့
တနေ့သ၌ စကားဆွေးနွေးစဉ် မဟောသဓ စကားထဲတွင် --
မိမိ၏ လျှို့ဝှက် ချက်ကို ကိစ္စ မပြီး မီ ဘယ်သူ့ကိုမှ မပြောအပ် ဘူး
ထိုည၌
ဒီနေ့ - သူ့စကား တခု သတိထားမိကြရဲ့လား
အင်း - ဟုတ်ပ - (မိမိ လျှို့ဝှက်ချက်ကို - ဘယ်သူ့ မှ မပြောအပ်) ဆိုတာလား
ဒီကောင်လေး မကြာခင်က ဘုရင်ကြီးက (လျှို့ဝှက်ချက်ကို - ဘယ်သူ့မှ မပြောအပ်) လို့ဆိုရင် နဲ့နဲ့မှ ကျေနပ်တာ မဟုတ်ဘူး
အေး - ဟုတ်တယ် အကွက်ထဲတော့ ဝင်နေပြန်ပြီ၊ ဒီကောင်လေး ကလဲ သူပြောခဲ့တဲ့ စကားကို - ဘယ်တော့မှ ပြန်မပြင်တတ်တာနဲ့ အလော်ဘဲ
ဆက်ရန်


# မဟောသဓ ၉

ဇာတ်တော်ကြီး

○ ပန်းချီ-ဦးဘကြည်




နန်းအပြင်သို့ရောက်လျှင် မဟောသဓာသည် ငယ်သားများအား တစုံတခု ပြောပြီး
နေ့စဉ်နေ့တိုင်း အမတ်ကြီးများရပ်၍စကား ပြောတတ်သော ဇလားအောက်သို့ဝင်ပုန်း၏
ကျွန်တော်တို့သွားတော့မယ် အရှင်
အေး၊ ငါပြောထားတာ မေ့မနေနဲ့
မကြာမီ အမတ်ကြီးများရောက်လာကာ ဇလားပေါ်ထိုင်၍တိုင်ပင်ကြပြန်သည်။
ဟား - တယ်ဟုတ်တာပဲ - ဟဲဟဲ
ဖြီး - ဒီတခါတော့အောင်ပြီ - ဟီးဟီး
ဘုရင်ကြီးက - ယုံသွားပြီ နက်ဖြန် - နန်းတော်အဝင်မှာ တံခါးကြားထဲက ထွက်ပြီး ပိုင်းလိုက်တဲ့ ဟဲ ဟဲ - ဟဲ
နေပါအုံး - နောင်ကြီး အခုပြောနေတာ လက်တွေ့လား - စာတွေ့လား
ဟဲဟဲဟဲ
အမှုပေါ်မှာစိုးလို့ ထုတ်မပြောဘူး။ မိတ်ဆွေတယောက်ကိုသာ အသိပေးခဲ့တယ်။ ကနေ့အထိ ဘယ်ပေါ်လို့လဲ - ဟဲဟဲ - ဟဲဟဲ
ဒေဝိန္ဒအမတ်ကလည်း ဤသို့ကြွား၏။
ကျုပ်လဲ - ဘုရင်ကြီးရဲ့ နန်းဆောင်ပတ္တမြားကို ခိုးပြီး မိခင်ထံအပ်ထားတယ်။ ဘုရင့်ထံ အခစားဝင်မှ - ထုတ်ပေးတယ်။ ဒီပတ္တမြား တန်ခိုးကြောင့် ဘုရင်ထံက - ဆုလပ် ခဏခဏရနေတာပေါ့။ ကဲ - ခုထက်ထိ ဘယ်ပေါ်လို့လဲ... ဟဲဟဲ ... ဟဲဟဲ....
ကာမိန္ဒအမတ်ကလည်း ဤသို့ပြော၏။
ကျုပ်ကတော့ လကွယ်နေ့တိုင်း - ခွေးရူးလို ဟောင်နေရတဲ့ ရောဂါဆိုးရှိတယ်။ သားတယောက်ကိုသာ ပြောပြထားတယ်။ အဲဒီနေ့ကျ လျှင်သားက ကျုပ်ကို အခန်းလုံအောင်ပိတ်ထားပြီး - သူများတွေ-ဟောင်သံမကြားအောင် - ဆူညံစွာ ပွဲသဘင်ခံရင် တော့တာပဲ။ ခုထက်ထိ ဘယ်ပေါ်ကြားလို့လဲ..... ဟဲဟဲ ဟဲဟဲ



ပရုတ်အမတ်ကြီးကလည်း
သို့ဖြင့် မဟောသဓမှာ သတင်းအကုန်ရလေ၏
ထိုညဉ့် ဘုရင်ကြီးသည် စက်တော်မခေါ်နိုင်ဘဲ လူးလှိမ့်၍သာ နေသောကြောင့်
မိဖုရားသည် ပရိယာယ်သုံး၍တင်လျှောက်၏
မင်းကြီး ကျေနပ်ပြီး အိပ်ပျော်သွားစဉ် မဟောသဓ ထံသို့ သတင်းပို့လေ၏။
နံနက် မိုးသောက်လျှင် အမတ်လေးယောက်တို့သည် နန်းတော်တံခါးကြား၌ ချောင်းနေကြ၏
အတော်ပင်နေမြင့်သော်လည်း မဟောသဓမှာ မပေါ်လာသဖြင့်




သုခမိန်အမတ်လေးပါးသည် ဘုရင့်ထံ အခစားဝင်၍ မဟောသဓ မရောက်လာသေးကြောင်း သံတော်ဦးတင်နေစဉ်....
....သားတော် မဟောသဓ.... ယနေ့ နေမြင့်မှ အခစားဝင်သည်မှာ မျက်နှာလည်း မကြည်မသာ.... မည်သို့သော သတင်းကိုကြား၍ မည်သို့သော အရာကို မသင်္ကာသောကြောင့် ဖြစ်သနည်း
အရှင်မင်းကြီး ... သားတော်အား ချောင်းသတ်ရန် အမိန့်ပေးထားသည်မဟုတ်ပါလော။ ကျွန်ုပ်လျှို့ဝှက်ချက်ကို မိဖုရားအား အသိပေးသော အချိန်လောက်ကပင် - သိရသောကြောင့် နေမြင့်မှ အခစားဝင်ရကြောင်းပါဘုရား
သယ် - လျှို့ဝှက်ချက်ကို သခွာမသိနိုင်သည့် ကျွန်ုပ်မိဖုရား ဟင်.......
သည်းခံတော်မူပါဘုရား။ အမျက်ထွက်တော်မမူပါနှင့်၊ အကျွန်ုပ်ကား - ကိစ္စအလုံးစုံကို သိနိုင်စွမ်းရှိပါသည်
ကျွန်ုပ်ကိစ္စကို မိဖုရား၏မှကြားသည်ပင်ထားပါဦး - သုခမိန်ကြီးလေးယောက်၏ လျှို့ဝှက်ချက်ကို မည်သူ့ထံမှ သိနိုင်မည်နည်း။ အရှင်မင်းကြီး၊ သေနက အမတ်ကြီးသည် - နာဠေသည်ကြီး မိန်းမကို ပစ္စည်းယူ - လူသတ်ခဲ့သည့် လျှို့ဝှက်ချက်ကို သူ့မိတ်ဆွေတဦးအားသာ ပြောခဲ့ပါသည်။ ရန်သူကို ဖမ်းလိုလျှင် - သေနက အမတ်ကြီးအားသာ ဖမ်းသင့်ကြောင်းပါဘုရား....
ဒေဝိန်း အမတ်ကြီးသည်လည်း - နန်းစဉ်ပစ္စည်းများ ခိုးထားပြီး - လျှို့ဝှက်ချက်ကို - သူ့ဖိုးခင်အားသာ အသိပေးခဲ့သည်.... ကာမိန်း အမတ်သည် လကွယ်နေ့တိုင်း ခွေးရူးရောဂါထ၏၊ သူ့သားကိုသာ အသိပေးခဲ့သည်.... ပုက္ကုသ အမတ်သည် ပေါင်တွင် နူနာကွက်ရှိပါသည်။ လျှို့ဝှက်ချက်ကို - သူ့ညီကိုသာ အသိပေးခဲ့ပါသည်.... ယုံကြည်တော်မမူလျှင် ယခုစစ်ဆေးတော်မူပါဘုရား ....။
သုခမိန်လေးဦး မဟောသဓ စကားမှန်သလော
ဟုတ်မှန်ကြောင်း ဝန်ခံပါသည်ဘုရား
ကျွန်ုပ်အချိန်မှစ၍ သုခမိန်လေးယောက်အား ထောင်သွင်း အကျဉ်းထားစေ......
ဆက်ရန်



ဇာတ်တော်ကြီး
၁၀
ပန်းချီ-ဦးဘကြည်
မဟောသဓ ကို သတ်ရန် ကြံစည်ကြသော သူခိုးမိန်းလေးယောက်၏ ကာလိမ်ဘက်ကို သိရှိရသဖြင့် ဘုရင်သည် သူတို့အား ထောင်သွင်း အကျဉ်းချထား၏။
မဟောသဓ သည် ဖြစ်ခဲ့သောပြဿနာကို မင်းကြီးအား ပြန်လည်၍ ရှင်းပြလေ၏။
×××× အရှင်မင်းကြီး ××× ဤသို့သော အကြောင်းများကြောင့် - လျှို့ဝှက် အပ်သော ကိစ္စကို - လျှို့ဝှက်ထားခြင်းသာ ကောင်းသည်။ ××× ထိုထိုလျှို့ဝှက်ချက်ကို ကိစ္စမပြီးသေး ဘယ်သူ့ကိုမျှ မပြောအပ် ××× ဟု တင်ပြ ရခြင်း ဖြစ်ကြောင်းပါဘုရား ××××
အိမ်း ××× သာဓု-သာဓု-သာဓု
မင်းကြီးသည် တွေးရင်း တွေးရင်း ဒေါသထွက်လာပြီးလျှင် အမိန့်ချမှတ်ပြန်သည်။
တောက်! သူခိုးမိန်းလုပ်နေတဲ့ ဒီလေးယောက်ဟာ ---- သူတို့ကိုယ်တိုင်က - ငါ့ရန်သူဖြစ်နေပါလျက် သားတော် မဟောသဓ-ကို --- ရန်သူ ရယ်လို့ စွပ်စွဲလိုက်သေးသည်။ ယုတ်မာတွေ ××× သယ် ××× ××× ××× သူခိုးမိန်းလေးယောက်ကို -- သူသာန်ထုတ်ပြီး ထံကျင်လျှိုကာ ခေါင်းဖြတ် သတ်စေ ×××××
အမိန့်တော် အတိုင်း၊ ပါးကွက် အာဏာသားများက သူခိုးမိန်း လေးယောက်ကို ခေါ်ထုတ်လာကာမှ လမ်းဆုံ လမ်းခွ ရောက်တိုင်း အပြစ်ကြေညာကာ ကြိမ်ဒဏ်ခတ်သည်ကို
အား


မဟောသဓ ကြားလျှင် ရွှေတော်သို့ဝင်၍
×××× အရှင်မင်းကြီး×× အဖြေမှာ ထိုလေးယောက်သည် တချိန်က - သုခမိန်များဖြစ်ပါ၍ သည်းခံတော်မူသင့်ပါသည်။ အမိန့်တော်မှာ ပြင်းထန်လွန်းလှသဖြင့် - မလွန်မီ - ပြင်သင့်ကြောင်းပါဘုရား
သားတော် ပညာရှင် မဟောသဓ တင်ပြချက်ကို စဉ်းစားတော်မူမည်။ ရာဇဝတ်ကောင် လေးယောက် - ရွှေတော် သွင်းစေ×××
သုခမိန်ဟောင်းများ ရွှေတော်ရောက်လျှင်
ကိုင်း - သားတော်မဟော် တင်ပြချက်အရ - အမိန့်တော်ပြင်ဆင်ချမှတ်မည်။ နားခံကြလော×××× ကျွဲလေးဦးအား ယခုအချိန်မှ စ၍ မဟောသဓ၏ ရကျေးပိုင်ကျွန်ပိုင် အဖြစ် သတ်မှတ်သည်×× ×× မဟောသဓ စေလိုရာစေလော×××
အမိန့်တော်မြတ် အတိုင်းပါဘုရား
ယခုအချိန်မှစ၍ - အရှင်သခင် နှင့် ကျေးကျွန်ဖြစ်ကြပြီ×××× အသင်တို့ နားထောင်ကြလော
မှန်လှပါသခင်ကြီးဘုရား
